၁။ အာရုံခြောက်ပါးတို့တွင် ဓမ္မာရုံ ဖြစ်ထိုက်သော တရားတို့ကို အဘိဓမ္မတ္ထသင်္ဂြိုဟ်လာအတိုင်း ကောက်ပြပါ။
ဖြေ။ ။ အာရုံခြောက်ပါးတို့တွင် ဓမ္မာရုံဖြစ်ထိုက်သော တရားတို့မှာ - ပသာဒရုပ် ၅-ပါး၊ သုခုမရုပ် ၁၆-ပါး၊ စိတ်၊ စေတသိက် ၅၂-ပါး၊ နိဗ္ဗာန်နှင့်ပညတ်ဟူ၍ ၇၆-ပါးဖြစ်သည်။

၂။ စိတ် ၈၉-ပါးတို့တွင် အရှိန်အဟုန် ပြင်းစွာ ဖြစ်ပေါ်တတ်သော ဇောစိတ်များ မည်မျှရှိပါသနည်း၊ ရေတွက်ပြပါ။
ဖြေ။ ။ စိတ် ၈၉-ပါးတို့တွင် အရှိန်အဟုန် ပြင်းစွာ ဖြစ်ပေါ်တတ်သော ဇောစိတ် ၅၅-ပါးရှိပါသည်။ ၎င်းတို့ကား-

| | |
|---|---|
| အကုသိုလ်စိတ် | ၁၂-ပါး |
| ကာမာဝစရကုသိုလ်ဇောစိတ် | ၈-ပါး |
| ။ ကြိယာဇောစိတ် | ၉-ပါး |
| မဟဂ္ဂုတ်ကုသိုလ်၊ ကြိယာဇောစိတ် | ၁၈-ပါး |
| လောကုတ္တရာဇောစိတ် | ၈-ပါးတို့ဖြစ်ကြသည်။ |

၃။ နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို မည်သည့်စိတ်မျိုးဖြင့် မုချကေန် သိနိုင်ပါသနည်း ရှင်းလင်း ဖော်ပြခဲ့ပါ။
ဖြေ။ ။ နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို လောကုတ္တရာစိတ် ၈-ပါးဖြင့်သာ မုချကေန်သိ နိုင်ပါသည်။ ယင်းလောကုတ္တရာစိတ်သည်သာ နိဗ္ဗာန်ကို ကေန်အားဖြင့် အာရုံပြုနိုင်သောကြောင့်ပင်ဖြစ်သည်။

၄။ အာရုံခြောက်ပါးရှိသည့်အနက် စက္ခုပသာဒသည် မည်သည့်အာရုံ၌ ပါဝင်သည်ဟု ဖော်ပြပါ။
ဖြေ။ ။ အာရုံခြောက်ပါးအနက် စက္ခုပသာဒသည် "ဓမ္မာရုံ" ၌ ပါဝင်ပါသည်။

၅။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဟူသော အာရုံငါးပါးလုံးကို အာရုံပြုနိုင်သည့် စိတ်များအား မှန်ကန်စွာ ဖော်ပြပါ။
ဖြေ။ ။ အာရုံငါးပါးလုံးကို အာရုံပြုနိုင်သော စိတ်များမှာ-
ဥပေက္ခာသဟဂုတ် အကုသလဝိပါက် သမ္ပဋိစ္ဆိုန်းစိတ်
။ အဟိတ်ကုသလဝိပါက် သမ္ပဋိစ္ဆိုန်းစိတ်နှင့်

။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဟူသောမနောဓာတ် ၃-ပါးပင်ဖြစ်သည်။

၆။ အာရုံငါးပါးနှင့် ဝိညာဏ်ငါးပါးတို့ကို ယှဉ်တွဲဖော်ပြပြီးလျှင် အာရုံငါးပါးမှ လွတ်သော အခြားအာရုံ ရှိ မရှိ ကိုလည်း ဖြေဆိုပါ။

ဖြေ။ ။ ရူပါရုံကိုစက္ခုဝိညာဏ်ဖြင့်လည်းကောင်း၊ သဒ္ဒါရုံကို သောတဝိညာဏ်ဖြင့် လည်းကောင်း၊ ဂန္ဓရုံကို ဃာဝိညာဏ်ဖြင့်လည်းကောင်း၊ ရသာရုံကို ဇိဝှါဝိညာဏ်ဖြင့် လည်းကောင်း၊ ဖောဋ္ဌဗ္ဗာရုံကို ကာယဝိညာဏ်ဖြင့်လည်းကောင်း အသီးသီး ယှဉ်တွဲ သိရှိနိုင်ပါသည်။

အထက်ပါအာရုံငါးပါးမှလွတ်သော ဓမ္မာရုံတည်းဟူသော အခြားအာရုံလည်း ရှိပါသေးသည်။

၇။ "ကြည့်သောသူ မြင်၏" ဟု ဆိုရာဝယ် မြင်မှုကိစ္စကို အဘယ်စိတ်က ဆောင်ရွက်ပေးပါ သနည်း ဖြေဆို၍၊ ယင်းစိတ်၏ အာရုံကိုလည်း သိသာရုံ ဖော်ပြပါ။

ဖြေ။ ။ မြင်မှုကိစ္စကို - စက္ခုဝိညာဏ်ဒွေ ဟူသော စိတ် ၂-ခုက ဆောင်ရွက်ပေးပါ သည်။ ယင်းစိတ်၏ အာရုံမှာ ရူပါရုံပင်ဖြစ်သည်။

၈။ စိတ်အကျဉ်း ၈၉-ပါးအနက် လောကုတ္တရာ အာရုံမှတစ်ပါး ကျန်အာရုံများကို အာရုံပြုနိုင် သောစိတ်များကို သိသာရုံမျှ ဖော်ပြပါ။

ဖြေ။ စိတ်အကျဉ်း ၈၉-ပါးအနက်မှ လောကုတ္တရာအာရုံမှတစ်ပါး ကျန်အာရုံများကို အနေကန်အားဖြင့် အာရုံပြုနိုင်သော စိတ်များမှာ -

| | |
|---|---|
| အကုသိုလ်စိတ် | ၁၂-ပါး |
| မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် | ၄-ပါး |
| မဟာကြိယာ ဉာဏဝိပ္ပယုတ်စိတ် | ၄-ပါးဟူသော |

အနုတ္တရမုတ္တစိတ် ၂၀-ပင်ဖြစ်ပါသည်။

၉။ ဗုဒ္ဓဘာသာဝင်ဖြစ်သူတိုင်း "နိဗ္ဗာန်ကို အာရုံပြု၍ လှူဒါန်းသည်" ဆိုရာ၌ နိဗ္ဗာန်ကို ဧကန် အာရုံပြုနိုင်သော စိတ်သရုပ်ကို ထုတ်ပြ၍၊ လောကီအာရုံများနှင့် ပျော်မွေ့လျက်ရှိသော စိတ် တို့ကိုလည်း ရေတွက်ပြပါ။

ဖြေ။ ။ နိဗ္ဗာန်ကို ဧကန် အာရုံပြုနိုင်သော စိတ်များမှာ - မဂ်စိတ် ၄-ပါး၊ ဖိုလ်စိတ် ၄-ပါး ဟူသော လောကုတ္တရာစိတ် ၈-ပါးပင်ဖြစ်သည်။ အကုသိုလ်စိတ် ၁၂-ပါး၊

မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄-ပါး၊ မဟာကြိယာ ဉာဏဝိပ္ပယုတ်စိတ် ၄-ပါး စုစုပေါင်း စိတ် (၂၀)သည် လောကီအာရုံများကိုသာ ပျော်မွေ့လျက်ရှိသော စိတ်တို့ပင်ဖြစ်ကြသည်။

၁၀။ ဓမ္မာရမ္မဏဟူသည် အဘယ်တရားများကို ခေါ်ဆိုပါသနည်း၊ ယင်းသရုပ်ကို ထုတ်ပြ၍၊ အာရုံတိုင်း အာရုံပြုနိုင်သော စိတ်တို့ကိုလည်း မှန်ကန်အောင် ဖြေဆိုခဲ့ပါ။
ဖြေ။ ဓမ္မာရမ္မဏဟူသည် ဓမ္မာရုံမည်သော ပညတ်၊ ပရမတ်တရားများကို ခေါ်ဆိုပါသည်။ ယင်းသရုပ်မှာ - ပသာဒရုပ် ၅-ပါး၊ သုခုမရုပ် ၁၆-ပါး၊ စိတ်၊ စေတသိက် ၅၂-ပါး၊ နိဗ္ဗာန်နှင့်ပညတ်ဟူ၍ ၇၆-ပါးဖြစ်သည်။

အာရုံတိုင်း အာရုံပြုနိုင်သောစိတ်မှာ - မဟာကြိယာဉာဏသမ္ပယုတ်စိတ်နှင့် မနောဒွါရာဝဇ္ဇန်းစိတ်နှင့် ကြိယာအဘိညာဏ်စိတ်တို့ဖြစ်ပါသည်။